## ကိုရီးယားနိုင်ငံတွင်း နေထိုင်လျှက်ရှိသော နိုင်ငံခြားသား (အသက် ၆၀နှင့် အထက်) သက်ကြီးရွယ်အိုများအတွက် ကိုရိုနာ ၁၉ ကာကွယ်ဆေး ၄ကြိမ်မြောက်(Booster) ထိုးနှံရန် လမ်းညွှန်

အိုမီခရွန် အသွင်ပြောင်း မျိုးစေ့ကြောင့် သက်ကြီးရွယ်အိုများ ရောဂါကူးစက်သူ၊ သေဆုံးသူ များပြားလာသည်နှင့် အမျှ ထိုကဲ့သို့ ကိုရိုနာ ရောဂါ ကူးစက်မှုကြောင့် **ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူနှင့် သေဆုံးသူများ** တိုးပွားသည်မှ ကာကွယ်နိုင်ရန် ကိုရီးယားနိုင်ငံတွင်း နေထိုင်လျှက်ရှိသော အသက် ၆၀ အထက်ရှိ နိုင်ငံခြားသားများအတွက် **ကိုရိုနာ ၁၉ ကာကွယ်ဆေးကို ၄ ကြိမ်မြောက် ထိုးနှံနိုင်ပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။**

■ ကာကွယ်ဆေးထိုးနှံနိုင်သော သတ်မှတ်ချက်

ㅇ အသက် ၆၀ နှင့်အထက် (၆၂ ခုနှစ် ၁၂လပိုင်း ၃၁ ရက် မတိုင်ခင် မွေးဖွားသူ) အရွယ်ရှိ **ကိုရီးယားနိုင်ငံတွင်း (သို့) ပြည်ပတွင် ကာကွယ်ဆေး ၃ကြိမ်မြောက်အထိ ထိုးနှံ**ပြီးနောက် ၄လ (ရက်ပေါင်း ၁၂၀) ကြာပြီး သူများ ထိုးနှံနိုင်သည်။ ပြင်းထန်ဝေဒနာ ခံစားရနိုင်ချေများသော အသက် ၈၀နှင့် အထက် သက်ကြီးရွယ်အိုများအား **၄ကြိမ်မြောက် ကာကွယ်ဆေး ထိုးနှံရန် အသေအချာ တိုက်တွန်း**အပ်ပါသည်။

※ တတိယအကြိမ် ကာကွယ်ဆေး မထိုးနှံမီနှင့် ထိုးပြီးနောက် ကိုရိုနာ ၁၉ ကူးဆက်ခံရဖူးပါကလည်း ကာယကံရှင်မှ ထိုးနှံလိုပါက ထိုးနှံနိုင်သည်။

■ ကာကွယ်ဆေး အမျိုးအစားနှင့် ထိုးနှံရန် ကာလအပိုင်းအခြား

ㅇ mRNA ကာကွယ်ဆေး (ဖိုင်ဇာ၊ မိုဒါနာ)နှင့် နိုဘာဘက်စ် ကို ထိုးနှံနိုင်သည်။
ㅇအသက် ၆၀ အထက် အရွယ်ရှိသူသည် တတိယအကြိမ် ကာကွယ်ဆေး ထိုးနှံပြီးနောက် ၄လ (ရက်ပေါင်း ၁၂၀) ကြာပြီးလျှင် ၄ကြိမ်မြောက် ကာကွယ်ဆေးကို ထိုးနှံနိုင်သည်။

သို့သော် အုပ်စုလိုက် ကူးစက်မှု ဖြစ်နိုင်ချေများသော သက်ကြီးရွယ်အို စောင့်ရှောက်ရေး ဆေးရုံ၊ ဌာန(စိတ်ပိုင်းဆိုင်ရာပြုစုရေး စင်တာများ အပါအဝင်)များရှိ ကာကွယ်ဆေး ထိုးနှံနိုင်သူနှင့် နောက်တစ်ကြိမ် ထိုးနှံနိုင်သော ကာလ အပိုင်းအခြားကို လျှော့ပေးရန် လိုအပ်သော ကိုယ်ခံအားနည်းသူများသည် တတိယအကြိမ် ကာကွယ်ဆေး ထိုးနှံပြီးနောက် ၃လ (ရက်ပေါင်း ၉၀) နောက်ပိုင်းတွင် ကာကွယ်ဆေး စတင် ထိုးနှံနိုင်သည်။

■ ဆေးထိုးရန် နေ့ရက်နှင့် နေရာ

ㅇကြိုတင် ဘိုကင် ယူခြင်းကို **၂၀၂၂. ဧပြီလ ၁၈ ရက်နေ့**မှ စပြီး လုပ်ဆောင်နိုင်ပြီး ဘိုကင်ယူ၍ ထိုးနှံခြင်းကို **ဧပြီလ ၂၅ရက် (တနင်္လာနေ့)**မှ စပြီး ထိုးနှံနိုင်သည်။
ㅇ**နေ့တွင်းချင်း ဆေးထိုးနှံခြင်း**ကို တာဝန်ယူဆောင်ရွက်ပေးသော ဆေးရုံ၊ ဆေးပေးခန်းများတွင် လက်ကျန် ကာကွယ်ဆေးရှိပါက **၂၀၂၂ ဧပြီလ ၁၄ရက်နေ့ (ကြာသပတေးနေ့)**မှ စပြီး ထိုးနှံနိုင်သည်။
ㅇ**ထိုးနှံနိုင်သည့် နေရာ**မှာ ကျန်းမာရေး အာမခံ သွင်းထားခြင်းနှင့် မသက်ဆိုင်ဘဲ၊ ကိုရိုနာ ၁၉ ကာကွယ်ဆေး ထိုးနှံနိုင်သော **ဌာနဆိုင်ရာများ (ဆေးရုံ၊ ကျန်းမာရေးစင်တာများ)** တွင် ထိုးနှံနိုင်သည်။ သို့သော် ဆေးရုံ ကျန်းမာရေး စင်တာများကို သွားရောက်ရန် ခက်ခဲပါက နေထိုင်ရာ ဒေသရှိ ဒေသန္တရကျန်းမာရေးဌာနများတွင်လည်း ထိုးနှံနိုင်သည်။

■ ဘိုကင်ရယူနည်း

**1. ပြည်တွင်းတွင် အခြေခံ ကာကွယ်ဆေးနှင့် တတိယ အကြိမ် ထိုးနှံပြီးထားသော အသက် ၆၀နှင့် အထက် နိုင်ငံခြားသား**

**1) မှတ်ပုံတင်ထားသော နိုင်ငံခြားသား** – အခြေခံ ထိုးနှံစဉ်ကကဲ့သို့ အွန်လိုင်း (သို့) ဖုန်းဖြင့် ဆက်သွယ်ပြီး ဘိုကင်ရယူနိုင်သည်။
① Online ဘိုကင် – ကိုရိုနာ ၁၉ ကာကွယ်ဆေး ထိုးနှံရန် ဘိုကင်စနစ်အတွက် (https://ncvr.kdca.go.kr) သို့ ဝင်ရောက်ပြီး ကိုယ်တိုင် (သို့) ကိုယ်စား ဘိုကင်လုပ်ဆောင်နိုင်သည်။
② ဖုန်း ဘိုကင် – ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေး ကောစင်တာ (☏1339) နှင့် ဒေသတွင်းရှိ ဌာနဆိုင်ရာကောစင်တာများတွင် ဘိုကင်ရယူနိုင်သည်။
③ နေ့တွင်းချင်း ဆေးထိုးနှံခြင်း – သက်ဆိုင်ရာ ဌာနဆိုင်ရာ (ဆေးရုံ၊ ကျန်းမာရေး ဌာန)တွင် ပဏာမစာရင်း(ဖုန်းဖြင့်) ပေးသွင်းပြီးနောက် ထိုနေ့တွင် ထိုးနှံနိုင်သည်။
* SNS မှ တဆင့် လက်ကျန် ကာကွယ်ဆေး ဘိုကင်ရယူနိုင်သည်။

2) **မှတ်ပုံမတင်ထားသည့် နိုင်ငံခြားသား(တရားမဝင်နေထိုင်လျှက်ရှိသော နိုင်ငံခြားသား အပါအဝင်) –** အခြေခံ ထိုးနှံခြင်းနှင့် တတိယအကြိမ် ထိုးနှံစဉ်က သွားခဲ့သော ကျန်းမာရေးစင်တာမှ ရယူခဲ့သော ယာယီတိုကင်နံပါတ်ကို အသုံးပြုပြီး ဖုန်းဖြင့် ဘိုကင်ယူခြင်း (သို့) ကာကွယ်ဆေး ထိုးနှံရာ ဆေးဌာန (ဆေးရုံ (သို့) ကျန်းမာရေးစင်တာ)သို့ သွားရောက်ကာ ဘိုကင်ရယူနိုင်သည်။

* ယာယီတိုကင်နံပါတ် ရယူရာတွင် ပတ်စပို့၊ နိုင်ငံခြားသားမှတ်ပုံတင်ကတ် စသည့် အိုင်ဒီကတ်ကို ပြရန် တောင်းဆိုမည် မဟုတ်ပါ။

2. **ပြည်ပမှ အခြေခံကာကွယ်ဆေးနှင့် တတိယအကြိမ် ထိုးနှံပြီးထားသော အသက် ၆၀နှင့် အထက် နိုင်ငံခြားသား (ရက် ၉၀ အောက် ခေတ္တနေထိုင်လျှက်ရှိသော နိုင်ငံခြားသား အပါအဝင်)**

ㅇ အိုင်ဒီကတ်ကို ယူဆောင်လာပြီး နီးစပ်ရာ ကျန်းမာရေး စင်တာသို့ သွားရောက်ပြီး ယာယီတိုကင်နံပါတ်ကို ရယူပြီး ပြည်ပတွင် ထိုးနှံဖူးကြောင်း စာရင်းပေးသွင်းပြီးနောက် ဖုန်းနှင့် (သို့) ကျန်းမာရေး ဌာန (ဆေးရုံ၊ ကျန်းမာရေး စင်တာ) တို့ကို ကိုယ်တိုင် သွားရောက် ဘိုကင်ရယူနိုင်သည်။

※ သတိပြုရန်

- **မိမိ၏ ကိုယ်ရေးအချက်အလက်များမှာ ကာကွယ်ဆေး ထိုးရန် ရည်ရွယ်ချက်ဖြင့်သာ အသုံးပြုသွားမည်ဖြစ်ပြီး၊ တိုင်ကြားခြင်းကင်းလွတ်ခွင့်စနစ်အရ လူဝင်မှုကြီးကြပ်ရေး နိုင်ငံခြားသားရေးရာ ဌာနသို့ တရားမဝင် နေထိုင်နေကြောင်းကို သတင်းပေးမည်မဟုတ်ပါ။**
- အခြား အသေးစိတ် အချက်အလက်များကို Korea Disease Control and Prevention Agency (PDCA) ကိုရိုနာ ၁၉ ကာကွယ်ဆေး ထိုးခြင်းဆိုင်ရာ webpage (https://ncv.kdca.go.kr) တွင် ဝင်ရောက် ကြည့်ရှုနိုင်သည်။